ဇွန် (၂၁)

## အာဓိကရည်ရွယ်ချက်က ယုံကြည်ခြင်းနှင့်ကိုးစားခြင်းဖြစ်သည်။

**တစ်**ခါတစ်ရံ ဘုရားရှင်သည် မိမိတို့ယုံကြည်ခြင်းကို အန္တရာယ်ကျရောက်လုနီးပါး ဖြစ်သည်အထိ မိမိတို့၏ယုံကြည်ခြင်းက စစ်မှန်ခြင်းရှိမရှိကို စမ်းသပ်စစ်ဆေးသည်။ သူက မိမိတို့အပေါ် အလွန်တင်းမာ ခက်ထန်နေသည့် ပုံပေါက်လာအောင်ကိုပင် ပြုလုပ်နိုင်ရာ ကျွန်ုပ်တို့အနေနှင့် "ဘုရားသခင်က ဘာကြောင့်ဒီအရာကိုပေးဖြစ်တာလဲ?" ဟုတွေးရန်အကြောင်း ဖြစ်လာတော့သည်။ ယောဘကို သူပြုသည့်နည်းတူ ဘုရားသခင်ကို သံသယဖြစ်ရန် သူ့အားဝေဖန်မှု ပြုလာရန်ကိုပင် မိမိတို့ပြုလုပ်မိလာရန် ကြိုးစားဖို့ စာတန်သည် ကျွန်ုပ်တို့နားတွင် အစဉ်အမြဲရှိနေသည်။

မိမိတို့သည် ယောဘကဲ့သို့ပင် ဘုရားသခင်ကို ကိုးစားရန်သေသည်ဖြစ်စေ ရှင်သည်ဖြစ်စေ ရွေးချယ်စရာနည်းလမ်း မရှိတော့သည့်အချိန်၌ဖြစ်စေ သူ့ကိုကိုးစားလိုစိတ်ရှိရမည်။ သူမြတ်နိုးသည့် အရာအားလုံးကို လက်လွှတ်ဆုံးရှုံးလိုက်ရသော်လည်း ယောဘသည် ဆက်လက်၍ ဘုရားသခင်အား ကိုးစားခဲ့သည်။ နောက်ဆုံးသူ အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီး ဘုရားသခင်သည် သူဆုံးရှုံးခဲ့သည်ထက်ပို၍ သူ့အားပြန်လည်ပေးအပ်ခဲ့သည်။ ယောဘသည် သမ္မာကျမ်းစာ တစ်အုပ်လုံးတွင် ဘုန်းကျက်သရေနှင့် အပြည့်ဝဆုံးသော သက်သေခံချက်တစ်ခုပင်ဖြစ်ရာ ဆင်းရဲဒုက္ခ၊ ရှုံးနိမ့်မှုနှင့် စိတ်ပျက်အားလျော့စရာများ တွေ့ကြုံနေရသည့်အချိန်တွင် သူ၏ယုံကြည်ခြင်းကသူ့အား ဖြတ်သန်းသယ်ဆောင်သွားခဲ့သည်။

ယင်းက အောင်ပွဲများအားလုံးတွင် အကြီးမြတ်ဆုံးပင်ဖြစ်သည်။ မိမိတို့အနေနှင့် ရှုံးနိမ့်မှုတွင်း ရှိနေသလို မြင်ရသည့်အချိန်မှပင် ဘုရားသခင်အား ကိုးစားခြင်း သူသည် ထိုသို့သော ယုံကြည်ခြင်းမျိုးနှင့် ပတ်သက်၍ အမှန်တကယ်ပင် နှစ်ထောင်းအားရမှုရှိပေလိမ့်မည်။ "လောကကိုအောင်ခြင်း အကြောင်းမူကား ငါတို့၏ ယုံကြည်ခြင်းပေတည်း" (၁ယော ၅း၄) မိမိတို့အနေနှင့် စုံစမ်းနှောက်ယှက်ခြင်းနှင့် စမ်းသပ်စစ်ဆေးမှုများကြားမှအောင်မြင်စွာ ကျော်လွှားနိုင်သည်ကို စောင့်စားကြည့်ရှုခြင်းအား ဘုရားသခင်နှစ်သက်တော်မူသည်။ မိမိတို့ အပြေးပြိုင်ပွဲတွင် အနိုင်ရရှိသည်ကို ဆင်းရဲဒုက္ခဝေဒနာများအားကြံကြံခံကာ အောင်ပွဲရှိရာသို့ ရှန်းကန်တိုက်ခိုက်သွားခါ အောင်ပန်းဆွတ်ခူးသွားသည်ကို စောင့်စားကြည့်ရှုခြင်းအား သူနှစ်သက်ပါသည်။